DeKalb County School District

# FY18 မိဘနှင့် မိသားစုဝင်များ ပူးပေါင်းပါဝင်ရေး စီမံချက်
# DeKalb ကောင်တီ ခရိုင်ကျောင်းအဆင့်
# 2017-2018 ကျောင်းစာသင်နှစ်

## ပြန်လည်ပြင်ဆင်သည့်ရက်စွဲ- 2017 ခုနှစ်၊ စက်တင်ဘာလ 20 ရက်

ကျောင်းသားများ၏ ပညာရေးတွင် အောင်မြင်မှုရရှိအောင် အားဖြည့်ပံ့ပိုးကူညီရာတွင် **DeKalb ကောင်တီခရိုင်ကျောင်း**သည် ခေါင်းစဉ် I၊ အပိုင်း A အရ ထောက်ပံ့ထားသည့် ရန်ပုံငွေများကို လက်ခံရရှိထားသောကြောင့် ကျောင်းသားတိုင်း အောင်မြင်ရေး အက်ဥပဒေ (ESSA) ရှိ ပုဒ်မ 1116 (a) (2) အရ လိုအပ်သော အချက်အလက်များ ပါဝင်သည့် မိဘနှင့်မိသားစုများ ပါဝ င်ဆောင်ရွက်ရေး မူဝါဒတစ်ခုကို ပူးပေါင်းဖန်တီး၊ သဘောတူညီပြီး ပါဝင်သော ကလေးများ၏ မိဘများနှင့် မိသားစုဝင်များထံ ဖြန့်ဝေရပါမည်။ မူဝါဒတွင် မိဘနှင့်မိသားစုတို့မှ အလေးအန က်ပါဝင်ဆောင်ရွက်ရေးအတွက် LEA ၏ မျှော်မှန်းချက်များနှင့် ရည်ရွယ်ချက်များ ပါဝင်ပြီး LEA က မိဘနှင့်မိသားစုတို့ပါဝင်ဆောင်ရွက်ရေး အထူးလှုပ်ရှားဆောင်ရွက်ချက်အချို့အား မည်သို့ အကောင်အထည်ဖော်မည့်ပုံနှင့် ယင်းအား Georgia ပညာရေးဌာနသို့ တင်ပြထားသည့် LEA ၏ အစီအစဉ်တွင် ထည့်သွင်းပေါင်းစပ်ပုံတို့ကို ဖော်ပြပါသည်။

**DeKalb ကောင်တီခရိုင်ကျောင်းက ပုဒ်မ 1116 အရ သတ်မှတ်ထားသည့် အောက်ပါ လိုအပ်ချက်များကို အကောင်အထည်ဖော်ရန် သဘောတူပါသည်-**

- ခရိုင်ကျောင်းသည် ခေါင်းစဉ် I၊ အပိုင်း A ၏ အစီအစဉ်များရှိသော ၎င်း၏ ကျောင်းအားလုံးမှ မိဘများနှင့် မိသားစုဝင်များ ပါဝင်ဆောင်ရွက်ရေးအတွက် လုပ်ငန်းအစီအစဉ်များ၊ လှုပ်ရှားဆောင်ရွက်မှုများနှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ပါမည်။ ဤအစီအစဉ်များ၊ လှုပ်ရှားဆောင်ရွက်မှုများနှင့် လုပ်ထုံးလုပ်နည်းများကို ပါဝင်သော ကလေးများ၏ မိဘများနှင့် မိသားစု ဝင်များနှင့်အတူ အလေးအနက် တိုင်ပင်ဆွေးနွေး၍ အစီအစဉ်ရေးဆွဲ ဆောင်ရွက်ပါမည်။

- ပုဒ်မ 1116 နှင့်အညီ မိဘနှင့် မိသားစုဝင်များ ပါဝင်ဆောင်ရွက်ရေး ကျောင်းအဆင့် မူဝါဒများက ESSA ရှိ ပုဒ်မ 1116(b) ၏ သတ်မှတ်ချက်များကို ပြည့်မီကြောင်းနှင့် ၎င်းတို့အသီးသီးတွင် ESEA ၏ ပုဒ်မ 1116(d) နှင့် အညီ ကျောင်းနှင့်မိဘအကြား တရားဝင်သဘောတူညီချက်၏ အပ အပိုင်းကဏ္ဍအဖြစ် ပါဝင်ကြောင်းကို သေချာအောင်ဆောင်ရွက်ရန် ခရိုင်ကျောင်းသည် ၎င်း၏ ကျောင်းများနှင့်အတူတကွ လက်တွ တွဲဆောင်ရွက်ပါမည်။

- ခေါင်းစဉ် I၊ အပိုင်း A ၏ မိဘနှင့် မိသားစုဝင်များ ပါဝင်ဆောင်ရွက်ရေးဆိုင်ရာ သတ်မှတ်ချက်များကို လက်တွေ့ဆောင်ရွက်နိုင်သည့် အတိုင်းအတာအထိ ဆောင်ရွက်ရာတွင် ခရိုင်ကျောင်းနှင့် ၎င်း၏ ကျောင်းများသည် အင်္ဂလိပ်စာတတ်မြောက်မှု အားနည်းသော၊ ပညာရေး အားနည်းသော၊ မသန်စွမ်းသော မိဘများ၊ ပြောင်းရွှေ့လာသော ကလေးများ၏ မိဘများ၊ ချို့ငဲ့သည့် မိဘများ သို့မဟုတ် လူမျိုး သို့မဟုတ် လူမျိုးစု တစ်ခုခုနောက်ခံရှိသည့် မိဘများအတွက် ESSA ၏ ပုဒ်မ 1111 အရ လိုအပ်သော အချက်အလက်နှင့် ကျောင်းအစီရင်ခံစာများပံ့ပိုးခြင်းအပါအဝင် အခွင့်အလမ်းအပြည့်အစုံကို လက်တွေ့လုပ်ဆောင်နိုင်သည့် အ တိုင်းအတာအထိ မိဘများ နားလည်နိုင်မည့် ဘာသာစကားဖြင့် ပံ ပံ့ပိုးပေးမည်ဖြစ်သည်။ ယင်းတွင် သီးခြားတောင်းဆိုသည့် အခြားပုံစံများ ပံ့ပိုးပေးခြင်းအပါအဝင် မိဘများ နားလည်သဘောပေါက်လွယ်ပြီး တူညီသည့်ပုံစံများကို ပံ့ပိုးပေးပါမည်။

- ESEA ၏ ပုဒ်မ 1112 အရ ပြုလုပ်ထားသည့် ခေါင်းစဉ် I၊ အပိုင်း A အတွက် LEA အစီအစဉ်ကို ပါဝင်သည့်ကလေးများ၏ မိဘများက ကျေနပ်မှု မရှိပါက ခရိုင်ကျောင်းမှ ထိုအစီအစဉ်ကို ပြည်နယ်အဆင့် ပညာရေးရုံးသို့ တင်ပြသည့်အခါ အစီအစဉ်နှင့်ပတ်သက်ပြီး မိဘများ၏ မှတ်ချက်များကိုပါ ပူးတွဲတင်ပြပါမည်။

- မိဘများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဟု ဆိုရာတွင် အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုလျက် ခရိုင်ကျောင်းကို လွှမ်းမိုးထားမည်ဖြစ်ပြီး ၎င်း၏ ခေါင်းစဉ် I ကျောင်းများသည် အစီအစဉ်များ၊ လှုပ်ရှားဆောင်ရွက်မှုများနှင့် လုပ်ထုံးလုပ်နည်းများကို ESSA ၏ ပုဒ်မ 8101 နှင့်အညီ ဆောင်ရွက်ရန် မျှော်မှန်းပါသည်-

မိဘများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဆိုသည်မှာ အောက်ပါတို့သေချာအောင်ဆောင်ရွက်ခြင်း အပါအဝင် ကျောင်းသား၏ ပညာရေးအတွက် လေ့လာသင်ယူရေးနှင့် အခြားကျောင်းလှုပ်ရှားဆောင်ရွက်မှုများအကြောင်း ဆက်သွယ်ပြောကြားမှုများတွင် မိ မိဘများအနေဖြင့် ပုံမှန်ပါဝင်ပြီး အပြန်အလှန်ဆက်သွယ်ကာ လေးလေးနက်နက် ပါဝင်ဆောင်ရွက်ခြင်းကို ဆိုလိုပါသည်-

(A) မိဘများသည် ၎င်းတို့ရင်သွေး၏ လေ့လာသင်ယူမှုအား ပံ့ပိုးကူညီရာတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်ပါသည်
(B) မိဘများအား ကျောင်း၌ ၎င်းတို့ရင်သွေး၏ ပညာရေးအတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်ဖို့ တိုက်တွန်းအားပေးပါသည်
(C) မိဘများသည် ၎င်းတို့ရင်သွေး၏ ပညာရေးတွင် အချိန်ပြည့် ပူးပေါင်းဆောင်ရွက်သူများဖြစ်ပြီး ပညာရေးအား ပံ့ပိုးကူညီရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အကြံပေးကော်မတီများတွင် သင့်လျော်သလို ပါဝင်ပါသည်
(D) အခြားလှုပ်ရှားဆောင်ရွက်ချက်များကို ESEA ၏ ပုဒ်မ 1116 တွင် ဖော်ပြထားသည့်အတိုင်း ဆောင်ရွက်ရပါသည်

**လိုအပ်သော LEA ၏ မိဘများပါဝင်ဆောင်ရွက်ရေး မူဝါဒ၏ ကဏ္ဍများအား**
**ခရိုင်ကျောင်းမှ မည်သို့အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြချက်**

**DEKALB COUNTY ခရိုင်ကျောင်း**

**မျှော်မှန်းချက်**
ပညာရေးတွင် ထူးချွန်ရန် ကျွန်ုပ်တို့၏ လေ့လာသင်ယူသူ အသိုက်အဝန်းအား လှုံ့ဆော်ရန်။

**ရည်မှန်းချက်**
ကျောင်းသားများ ပိုမိုအောင်မြင်ပြီး ပညာရေး ပိုမိုတိုးတက်မြင့်မားကာ၊ အလုပ်နှင့် တစ်ဘဝလုံးအတွက် အက အကျိုးရှိမည့် လေ့လာသင်ယူမှု ဖြစ်စေရန်။

**ဆောင်ပုဒ်**
အားပေးလှုံ့ဆော်ပြီး အောင်မြင်ရမည်။ အကောင်းတကာ့အကောင်းဆုံး ဖြစ်စေရမည်။

---

**ရည်မှန်းချက် ပန်းတိုင် I- ကျောင်းသားများသည် ညီတူညီမျှ ပညာသင်ကြားခွင့်ရရှိခြင်းဖြင့် အောင်မြင်မှု ရရှိရန် လေ့လာသင်ယူမှုတွင် ကျောင်းသားများ တစ်ဖက်ကမ်းခတ်ကျွမ်းကျင်တတ်မြောက်ရေး စံနှုန်းများကို မြှင့်တင်ရန်**

*DeKalb* ကောင်တီခရိုင်ကျောင်းသည် Georgia Milestones စာပေဘာသာရပ် အတန်းတင်စာမေးပွဲ (EOG) တွင် လေ့လာသင်ယူဆဲ သင်ယူသူအဆင့် သို့မဟုတ် ယင်းအထက်အထိ အမှတ်ရရှိသည့် ကျောင်း*သားရာခိုင်နှုန်းကို မြှင့်တင်ပါမည်။*

*DeKalb* ကောင်တီခရိုင်ကျောင်းသည် Georgia Milestones သင်္ချာဘာသာရပ် အတန်းတင်စာမေးပွဲ (EOG) တွင် လေ့လာသင်ယူဆဲ သင်ယူသူအဆင့် သို့မဟုတ် ယင်းအထက်အထိ အမှတ်ရရှိသည့် ကျောင်းသားရာခိုင်နှုန်းကို မြှင့်တင်ပါမည်။

**ပူးပေါင်း၍ ဆောင်ရွက်ထားမှု**

**DeKalb ကောင်တီခရိုင်ကျောင်း** သည် ESEA ၏ ပုဒ်မ 1112 အရ ၎င်း၏ LEA မိဘများ ပါဝင်မှုအစီအစဉ်နှင့် ပုဒ်မ 1116 အရ ကျောင်းအား စိစစ်လေ့လာမှုနှင့် တိုးတက်ကောင်းမွန်စေမှု လုပ်ငန်းစဉ်တို့အား မိဘများနှင့်အတူ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါတို့ကို ဆောင်ရွက်ပါမည်-

| |
|---|
| မိဘများပါဝင်ဆောင်ရွက်မှုဆိုင်ရာ ခရိုင်အဆင့် မူဝါဒ၊ CLIP နှင့် ခေါင်းစဉ် I ကျောင်းတစ်ကျောင်းလုံး အတိုင်းအတာဖြင့်/ပစ်မှတ်ထားလျက် ကူညီပံ့ပိုးရေး အစီအစဉ်တို့ကို ရေးဆွဲပြီး စိစစ်သုံးသပ်ခြင်းတို့တွင် မိဘများ ပါဝင်နိုင်ရန် အောက်ပါအစီအစဉ်တို့မှတစ်ဆင့် အခွင့်အလမ်းများ ပံ့ပိုးပေးပါမည်-<br><br>- ခေါင်းစဉ် I စိတ်ပါဝင်စားသူများ တွေ့ဆုံ (ယခင်က အကြံအစီအစဉ်ရေးဆွဲခြင်းဟု ခေါ်သည်) အစည်းအဝေး။<br>- လိုအပ်ချက်များ ပြည့်စုံကုံလုံစေရေး အကဲဖြတ် (CNA) အစည်းအဝေး<br>- ဝဘ်ဆိုက်နှင့် မီဒီယာအမျိုးမျိုးမှတစ်ဆင့် မိဘများနှင့် ဆက်သွယ်ဆွေးနွေးခြင်း။ |

**နည်းပညာဆိုင်ရာ အထောက်အပံ့**

**DeKalb ကောင်တီခရိုင်ကျောင်း** သည် ကျောင်းသားများ၏ ပညာရေး ပိုမိုအောင်မြင်စေရန်နှင့် ကျောင်းတွင် ၎င်းတို့၏ စွမ်းဆောင်ရည်များ ပိုမိုတိုးတက်စေရန် မိဘနှင့်မိသားစု ပါဝင်ဆောင်ရွက်ရသည့် ထိရောက်မှုရှိသော လုပ်ရှားဆောင်ရွက်ချက်များကို အစီအစဉ်ရေးဆွဲ၍ အကောင်အထည်ဖော်ရာတွင် အောက်ဖော်ပြပါ ပူးပေါင်းဆောင်ရွက်မှု၊ နည်းပညာ အထောက်အကူနှင့် ခေါင်းစဉ် I ၊ အပိုင်း A အရ အကျုံးဝင်သည့် ကျောင်းအားလုံးကို ကူညီပြီး စွမ်းဆောင်ရည် တည်ဆောက်ရာ၌ လိုအပ်သော အခြားကူညီပံ့ပိုးမှုတို့ကို ပေးမည်ဖြစ်ပါသည်။ ယင်းတို့တွင် အ လုပ်ရုံများ၊ လုပ်ငန်းတွင် အောင်မြင်နေသည့် ဦးဆောင်သူများနှင့် အလှူရှင် အဖွဲ့အစည်းများ သို့မဟုတ် ပညာရေးတွင် မိဘများနှင့် မိသားစုဝင်များ ထိရောက်စွာ ပါဝင်စေရေး ညှိနှိုင်းပြောဆိုရာတွင် ကျွမ်းကျင်ပါးနပ်မှုရှိသည့် ပုဂ္ဂိုလ်များနှင့် အလေးအနက် တိုင်ပင်ဆွေးနွေးခြင်းတို့ ပါဝင်ပါသည်-

-

| |
|---|
| DCSD သည် မိဘများပါဝင်ဆောင်ရွက်ရေးအတွက် ကျောင်း၏ အစီအစဉ်များ၊ ကျောင်းနှင့် မိဘ သဘောတူညီချက်များနှင့် ခေါင်းစဉ် I အရ မိဘများ ပါဝင်ဆောင်ရွက်မှုဆိုင်ရာ သတ်မှတ်ချက်များ အပါအဝင် မိဘများပါဝင်ဆောင်ရွက်ရေးအတွက် ထိရောက်မှုရှိသော လက်တွေ့ဆောင်ရွက်ချက်များအား အစီအစဉ်ရေးဆွဲ၍ အကောင်အထည်ဖော်ရာတွင် ခေါင်းစဉ် I အောက်တွင် အကျုံးဝင်သော ကျောင်းအားလုံးကို အောက်ပါတို့မှတစ်ဆင့် နည်းပညာပိုင်းနှင့် လိုအပ်သည့် အကူအညီများကိုပါ ပံ့ပိုး ကူညီသွားမည်ဖြစ်ပါသည်-<br><br>- မိဘများ ပါဝင်ဆောင်ရွက်ရေးအတွက် ခရိုင်ကျောင်းရုံးမှ ပံ့ပိုးကူညီမှု – (ခေါင်းစဉ် I ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ OFP စီစဉ်ညွှန်ကြားသူများ၊ မိဘများအတွက် ဒေသဆိုင်ရာ ဆက်သွယ်ရေးဝန်ထမ်းများနှင့် စီမံညွှန်ကြားရေးဆိုင်ရာ ပံ့ပိုးမှု)။<br>- မိဘများ ပါဝင်ဆောင်ရွက်မှု/ပါဝင်မှုကို ပံ့ပိုးကူညီပေးသည့် ခရိုင် ငါး (5) ခရိုင်တစ်ဝန်းမှ မိဘ စင်တာများ။<br>- ကျောင်းများ---မိဘများအတွက် ကျောင်းအဆင့် ဆက်သွယ်ရေးဝန်ထမ်းများမှ ငွေကြေးကူညီပံ့ပိုးထားသည့် ဒေသဆိုင်ရာ မိဘ စင်တာများ။<br>- ခေါင်းစဉ် I အောက်တွင် အကျုံးဝင်သော နည်းပညာဆိုင်ရာ အထောက်အကူနှင့် လုပ်ငန်းကဏ္ဍများ။<br>- ခေါင်းစဉ် I အောက်တွင် အကျုံးဝင်သော လေးစားလိုက်နာမှုနှင့် ညွှန်ကြားချက်နှင့်ပတ်သက်၍ ကျောင်းအုပ်ကြီး၏ ထိပ်သီးဆွေးနွေးပွဲ (Ed Camp)<br>- ခေါင်းစဉ် I အောက်တွင် အကျုံးဝင်သော ခေါင်းစဉ် I တွင် မွမ်းမံပြင်ဆင်ချက်များကို မျှဝေရန် ကျောင်းအုပ်ကြီးအစည်းအဝေးများတွင် ပါဝင်တက်ရောက်ခြင်း |

**နှစ်စဉ် အကဲဖြတ်မှု**

**DeKalb ကောင်တီခရိုင်ကျောင်း** သည် ၎င်း၏ ခေါင်းစဉ် I၊ အပိုင်း A အောက်တွင်အကျုံးဝင်သော ကျောင်းများ၏ ပညာသင်ကြားရေးဆိုင်ရာ အရည်အသွေးများကို မြှင့်တင်ရာတွင် မိဘများနှင့် မိသားစုဝင်များပါဝင်ဆောင်ရွက်ရေး မူဝါဒတွင် ပါဝင်သည့်အချက်များနှင့် ၎င်း၏ ထိရောက်မှုကို နှစ်စဉ် အကဲဖြတ်ရန် မိဘများနှင့် မိသားစုဝင်များကိုပါ လေးလေးနက်နက်ပါဝင်စေပြီး အောက်ပါတို့ကို လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ အက အကဲဖြတ်မှုတွင် လုပ်ရှားဆောင်ရွက်မှုများ၌ မိဘများ ပိုမို ပါဝင်ဆောင်ရွက်ရေးကို အတားအဆ ဆီးဖြစ်စေသည့်အရာများအား သတ်မှတ်ဖော်ထုတ်ခြင်း ပါဝင်ပါမည် (ချို့တဲ့သည့်၊ မသ န်စွမ်းသည့်၊ အင်္ဂလိပ်စာ တတ်ကျွမ်းမှု အားနည်းသည့်၊ ပညာတတ်မြောက်မှု အားနည်းသည့် သို့မဟုတ် လူမျိုးရေး သို့မဟုတ် လူမျိုးစု နောက်ခံတစ်ခုခုရှိသည့် မိဘများကို အထူးအာရုံစိုက်ထားပါသည်)။ အကဲဖြတ်မှုတွင် ကျောင်းဝန်ထမ်းများ၊

ဆရာ/ဆရာမများနှင့် စေ့စပ်ဆွေးနွေးခြင်းနှင့်၊ ကျောင်းနှင့်မိသားစုဝင်များ အောင်မြင်စွာဖြင့် အပြန်အလှန်ဆက်သွယ်နိုင်ရေး ပံ့ပိုးကူညီပေးနိုင်မည့် နည်းဗျူဟာများ အ ပါအဝင် ၎င်း တို့ကလေးများ၏ လေ့လာသင်ယူမှုကို ပံ့ပိုးကူညီရန် မိဘများနှင့် မိသားစုဝင်များ၏ လိုအ ပ်ချက်များအား ဖော်ထုတ်သတ်မှတ်ခြင်းလည်း ပါဝင်ပါမည်။ ခရိုင်ကျောင်းသည် မိဘများ ပိုမိုထိရောက်စွာ ပါဝင်ရေးအတွက် ဖြစ်ရပ်အခြေပြု နည်းဗျူဟာများကို သ သတ်မှတ်ရန်နှင့် လိုအပ်ပါက ၎င်း၏ မိဘနှင့်မိသားစုဝင်များ ပါဝင်ဆောင်ရွက်ရေး မူဝါဒများကို ပြင်ဆင်တည်းဖြတ်ရန် မိဘနှင့်မိသားစုဝင်များ ပါဝင်ဆောင်ရွက်ရေး မူဝါဒအား အကဲဖြတ်ခြင်းဖြင့် ရရှိလာသော ရှာဖွေတွေ့ရှိချက်များကို အသုံးပြုပါမည်။

<table>
<tr><td>
ခေါင်းစဉ် I  အစီအစဉ်အတွက် DCSD မှ အကဲဖြတ်ရာတွင် အောက်ပါအတိုအပါအဝင် ကန့်သတ်မထားဘဲ နည်းဗျူဟာမျိုးစုံကို  အသုံးပြု၍ ဆောင်ရွက်ပါမည်-<br><br>
-  သင်ရိုးညွှန်းတမ်း၊ ညွှန်ကြားချက်နှင့် ပညာရှင်အဆင့်  လေ့လာသင်ယူရေးဆိုင်ရာ  အမှုဆောင်ညွှန်ကြားရေးမှူးနှင့် ဗဟိုအစိုးရရုံးဆိုင်ရာ အစ အစီအစဉ်များမှ ပံ့ပိုးပေးထားသည့်အတိုင်း အစီအစဉ်အကဲဖြတ်ရေးကို ငွေကြေးပံ့ပိုးပြီး ဖြစ်မြောက်အောင်ဆောင်ရွက်ခြင်း။<br><br>
-  ခရိုင်တစ်ဝန်းလုံး အတိုင်းအတာဖြင့် စစ်တမ်းများပြုလုပ်ပြီး မိဘပြည်သူများထံမှ အကြံပြုချက် ရယူခြင်း။<br><br>
-  ခရိုင်နှင့် ကျောင်းအဆင့် ကြိုတင်စီစဉ်ရေး အစည်းအဝေးများအတွင်း မိဘများထံမှ အကြံပြုချက်များကို စုစည်းခြင်း<br>
ခရိုင်တစ်ဝန်းလုံး အတိုင်းအတာဖြင့် စစ်တမ်းများပြုလုပ်ပြီး မိဘပြည်သူများထံမှ အကြံပြုချက် ရယူခြင်း
</td></tr>
</table>

**ရန်ပုံငွေများအား သီးသန့်ထားရှိခြင်း**

<u>**DeKalb ကောင်တီခရိုင်ကျောင်း**</u> သည် မိဘနှင့် မိသားစုဝင်များ ပါဝင်ရေး ဆောင်ရွက်ချက်အတွက် သီးသ န့်ထားထားသည့် ခေါင်းစဉ် I၊ အပိုင်း A ရန်ပုံငွေ၏ 1 ရာခိုင်နှုန်းအား မည်သို့အသုံးပြုမည်ကို ဆုံးဖြတ်ချက်များပြုလုပ်ရာတွင် ခေါင်းစဉ် I၊ အပိုင်း A အရ အကျုံးဝင်သည့် ကျောင်းများရှိ ကလေးများ၏ မိဘများနှင့် မိသားစုဝင်များအား ပါဝင်ဆုံးဖြတ်စေမည်ဖြစ်ပြီး ထိုသီးသန့်ထားထားသည့် 1 ရာခိုင်နှုန်းမှ 90 ရာခိုင်နှုန်းထက် မနည်းသောပမာဏက ခေါင်းစဉ် I အရ အကျုံးဝင်သော ကျောင်းများထံသို့ တိုက်ရိုက်ရောက်ရှိကြောင်း သေချာအောင်ဆောင်ရွက်ပါမည်..

<table>
<tr><td>
DCSD သည် ခေါင်းစဉ် I အရ သီးသန့်ထားရှိသည့်  ရန်ပုံငွေကို အောက်ပါတို့ အပါအဝင် နည်းလမ်းများစွာဖြင့် အသုံးပြုပါမည်-<br>
လစာများ<br>
ဖြစ်မြောက်အောင် ပံ့ပိုးကူညီပေးသည့် ခရိုင်အဆင့် မိဘများ<br><br>
ပံ့ပိုးကူညီမှုများ/ ရင်းမြစ်များ<br>
ခရိုင်တစ်ဝန်းလုံးရှိ  မိဘ စင်တာများ<br>
ခရိုင်တစ်ဝန်းလုံးရှိ  မိဘဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ<br>
ခေါင်းစဉ် I အောက်တွင်  အကျုံးဝင်သော လေးစားလိုက်နာမှုနှင့် ညွှန်ကြားချက်နှင့်ပတ်သက်၍ ကျောင်းအုပ်ကြီး၏ ထိပ်သီးဆွေးနွေးပွဲ<br><br>
ပြန်ကြားရေး<br>
ခေါင်းစဉ် I မိဘများထံ ဆက်သွယ်ပြောဆိုမှုများနှင့် စာရွက်စာတမ်းများအား ထိပ်တန်းဘာသာစကား 10 မျိုးဖြင့် ဘာသာပြန်ဆိုပေးခြင်း<br>
ခရိုင်အဆင့် မိဘစုံညီ အစည်းအဝေးများအတွက် ဘာသာပြန်များ (CLIP၊ မိဘပါဝင်ဆောင်ရွက်ရေး မူဝါဒ)<br><br>
အခြား<br>
ခေါင်းစဉ် I အရ ခရိုင်တစ်ဝန်း မိဘစုံညီ ဆွေးနွေးပွဲ<br>
ပံ့ပိုးကူညီပေးသည့် မိဘများ၏ ခရီးစရိတ်များနှင့် ကိုယ်ပိုင်ကားအသုံးပြုမှုအတွက် ကုန်ကျငွေပြန်ထုတ်ပေးမှု<br><br>
DCSD သည် မိဘများအား ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် အကြံပြုချက် ပေးနိုင်ရန် အခွင့်အလမ်းများ ပေးပါမည် (အောက်ပါတို့ကို ဆောင်ရွက်စဉ်အတွင်း ခေါင်းစဉ် I အရ သီးသန့်ထားရှိသည့် ရန်ပုံငွေများအား အသုံးပြုမှုအတွက် အကြံပြုချက်များ/အကြံပေးချက်များ-<br>
-  ခေါင်းစဉ် I ကြိုတင်စီစဉ်ရေးအတွက်  ခရိုင်အစည်းအဝေးများ<br>
-  ခေါင်းစဉ် I ကျောင်းအဆင့် လူမှုအသိုက်အဝန်း အစည်းအဝေးများ<br>
-  ခရိုင် မိဘစုံညီ အလုပ်ရုံဆွေးနွေးပွဲများ/သင်တန်းများ
</td></tr>
</table>

**ဝန်ဆောင်မှုများကို ညှိနှိုင်းဆောင်ရွက်ခြင်း**

**DeKalb ကောင်တီကျောင်း ဗဟိုဌာန**သည် အောက်ပါတို့လုပ်ဆောင်ခြင်းဖြင့် မိမိရင်သွေး၏ ပညာရေးတွင် မိဘများ ပို၍အပြည့်အဝပါဝင်ဆောင်ရွက်ရန် တိုက်တွန်း၍ ပံ့ပိုးကူညီသည့် အခြား သက်ဆိုင်သော ဗဟိုအစိုးရ၊ နိုင်ငံတော်နှင့် ဒေသဆိုင်ရာ ဥ ပဒေများနှင့် အစီအစဉ်များနှင့်အတူ မိဘနှင့်မိသားစု ပါဝင်ဆွေးနွေးရေး နည်းဗျူဟာများကို ဖြစ်နိုင်သည့် အတိုင်းအတာအထိ ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ပါမည်-

1. ဖက်ဒရယ်ရုံး၏ ပရိုဂရမ်များ (OFP) မှ ပံ့ပိုးမှုများပေးခြင်း။
2. ဒေသဆိုင်ရာ စင်တာ ငါးခုနှင့် ကျောင်းစင်တာ သုံးဆယ့်-ခြောက်ခုရှိ မိဘစင်တာများကို မိဘများ ဝင်ရောက်သုံးစွဲခွင့်ကို ပံ့ပိုးခြင်း။
3. အဖွဲ့အစည်း၊ မိဘများနှင့် စိတ်ပါဝင်စားဆောင်ရွက်လိုသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဒေသဆိုင်ရာ စင်တာများအတွက် တစ်ပတ်လျှင် တစ်ရက် အချိန်ပို တိုးထားပေးခြင်း

**မိဘများ၏ လုပ်ဆောင်နိုင်စွမ်းကို တည်ဆောက်ခြင်း**

ခေါင်းစဉ် I အရ အကျိုးဝင်သည့် ကျောင်းများ၏ အကူအညီဖြ **DeKalb ကောင်တီ ခရိုင်ကျောင်းသည်** စာပေသင်ကြား လေ့ကျင့်ပေးခြင်းအတွက် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် မိမိရင်သွေးများ၏ ပညာရေး ပိုမိုအောင်မြင်စေအောင် လက်တွဲဆောင်ရွက်ရာတွင်မိဘများအား ကူညီရန် နည်းပညာ အသုံးပြုခြင်း (မူပိုင်ခွင့် ထိပါးခြင်း အန္တရာယ်များနှင့် ပတ်သက်၍ ပညာပေးခြင်း အပါအဝင်) ဖြင့် မိဘများ အခိုင်အမာ ပူးပေါင်းပါဝင်စေရန် မိဘများ၏ လုပ်ဆောင်နိုင်စွမ်းကို တည်ဆောက်ပေးပါသည်။ အောက်ပါ အကြောင်းအရာများကို နားလည်စေရန်လည်း မိဘများကို အကူအညီများ ပေးသွားမည် ဖြစ်သည်-

- စိန်ခေါ်မှုများနှင့် ခက်ခဲသော ပြည်နယ်၏ ပညာရေး သတ်မှတ်စံနှုန်းများ
- အခြားနည်းဖြင့် အကဲဖြတ်မှုများ အပါအဝင် ပြည်နယ်နှင့် ဒေသဆိုင်ရာ ပညာရေး အကဲဖြတ်စစ်ဆေးမှုများ
- ခေါင်းစဉ် I ၊ အပိုင်း A အရ ကျောင်းတက်ရောက်ခွင့်ရရန် သတ်မှတ်ချက်များ
- မိမိရင်သွေး၏ တိုးတက်မှုနှုန်းကို စောင့်ကြည့်နည်း
- ပညာရေး နည်းပြများနှင့် ပူးပေါင်းလုပ်ဆောင်နည်း

မိဘများအား ၎င်းတို့ရင်သွေးများ၏ ပညာရေးတွင် အောင်မြင်မှုရရှိစေရန် ကူညီမည့် လုပ်ငန်းခွင် ဆွေးနွေးပွဲများ/အစီအစဉ်များ၊ အတန်းများ၊ ရ ရင်းမြစ်များ အပြင် အောက်ပါတို့ကို အကန့်အသတ်မဲ့ ထောက်ပံ့သွားမည် ဖြစ်သည်-

1. ခေါင်းစဉ် I အရ မိဘ ပူးပေါင်းပါဝင်မှု ဆွေးနွေးပွဲများ (ခရိုင်နှင့် ဒေသဆိုင်ရာ)။
2. စုစည်းထားသော LEA တိုးတက်မှု အစီအစဉ် (CLIP) (နှစ်စဉ်)။
3. ခေါင်းစဉ် I အရ မိဘများ ပါဝင်ဆောင်ရွက်ရေး မူဝါဒ အစည်းအဝေး (နှစ်စဉ်)။
4. မိဘ လုပ်ငန်းခွင် ဆွေးနွေးပွဲများ (ဥပမာ- Georgia Milestone, Infinite Campus စသဖြင့်။)
5. နယ်မြေတစ်ဝန်း ခေါင်းစဉ် I မိဘ ဆွေးနွေးပွဲ။

**ကျောင်းဝန်ထမ်းများ၏ လုပ်ဆောင်နိုင်စွမ်းကို တည်ဆောက်ခြင်း**

၎င်း၏ ကျောင်းများနှင့် မိဘများ၏ အကူအ ညီဖြင့် **DeKalb ကောင်တီ ခရိုင်ကျောင်းသည်** မိဘများ၏ ပူးပေါင်းပါဝင်မှု အင်အားဖြင့် ၎င်း၏ ဆရာ/ဆရာမများ၊ အထူး သင်ကြားရေးအတွက် ပံ့ပိုးရေးဝန်ထမ်းများ၊ ကျောင်းအုပ်များနှင့် အခြားကျောင်း၏ ခေါင်းဆောင်များနှင့် အခြား ဝန်ထမ်းများအား လေ့ကျင့်သင်ကြားမည်ဖြစ်ပြီး တန်းတူလုပ်ဖော်ကိုင်ဖက်များအနေဖြင့် မိဘများနှင့်အတူ မိဘဆိုင်ရာ အစီအစဉ်များ အစ အကောင်အထည်ဖော် ဆောင်ရွက်ပြီး ပူးပေါင်းလုပ်ဆောင်မည်ဖြစ်ကာ မိဘများနှင့် ကျောင်းများ အကြားတွင် အောက်ပါနည်းလမ်းများဖြင့် ဆက ဆက်ဆံရေးကို တည်ဆောက်မည် ဖြစ်သည်-

ခရိုင်ကျောင်း နှင့်/သို့မဟုတ် ကျောင်းများသည် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ အင်တာနက်မှတစ်ဆင့် ဟောပြောပို့ချချက်များနှင့် ရင်းမြစ်များကို အသုံးပြုပြီး လုပ်ဆောင်နိုင်စွမ်းကို တည်ဆောက်ကာ အောက်ပါတို့မှ တစ်ဆင့် မိဘများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်-

1. ကျောင်း အုပ်ချုပ်ရေးမှူးများ/ကျောင်းအုပ်များ နှင့်/သို့မဟုတ် တာဝန်ရှိ ဝန်ထမ်းများနှင့်အတူ လစဉ်အစည်းအဝေးများ။
2. ခေါင်းစဉ် I အရ ငွေကြေးထောက်ပံ့ပေးမည့် ဝန်ထမ်းများအတွက် ပရော်ဖက်ရှင်နယ် သင်ယူရေး။
3. ခေါင်းစဉ် I အရ လေးစားလိုက်နာမှုနှင့်  သင်ကြားရေးဆိုင်ရာ ကျောင်းအုပ်၏ ထိပ်သီးဆွေးနွေးပွဲ။

ခရိုင်ကျောင်းများနှင့် ကျောင်းများသည် ကျောင်းနှင့် မိဘဆိုင်ရာ ပ ရိုဂရမ်များ၊ အစည်းအဝေးများနှင့် အခြား လုပ်ဆောင်ချက်များနှင့် ပတ ပတ်သက်သော  အချက်အလက်များအား ဖြစ်နိုင်ပါက မိဘများထံ မိဘများ  နားလည်နိုင်သော ဘာသာစကား ပုံစံဖြင့် ပေးပို့မည် ဖြစ်သည်။

**ပူးပေါင်းပါဝင်မှုအတွက် လုပ်ဆောင်နိုင်စွမ်းကို တည်ဆောက်ခြင်း**

- ☐ ဆရာ/ဆရာမများ၊ ကျောင်းအုပ်များနှင့် အခြား ပညာရေး နည်းပြများအတွက် သင်တန်းများပေးရာတွင် ယင ယင်းသင်တန်းများ ပိုမိုထိရောက်စေရန်အတွက် မိဘများက ပူးပေါင်းပါဝင်ခြင်း
- ☐ ကျောင်းနယ်မြေက သက်ဆိုင်ရာသင်တန်းအတွက် သင့်လျော်စွာ ရရှိနိုင်သော အ[ြ] အခြား ရန်ပုံငွေရင်းမြစ်များ အားလုံးကို အသုံးပြုပြီးသွားပါက ခေါင်းစဉ် I၊ အပိုင်း A အရ ရန်ပုံငွေများဖြင့် မိဘများအတွက် လိ လိုအပ်သော စာပေတတ်မြောက်မှုဆိုင်ရာ သင်တန်းများကို ပံ့ပိုးပေးခြင်း
- ☐ ကျောင်းနှင့် ဆက်စပ်သော အစည်းအဝေးများနှင့် လေ့ကျင့်သင်ကြားမှု ကဏ္ဍများတွင် မိဘများ ပါ ပါဝင်နိုင်စေရန် သွားလာရေးနှင့် ကလေး စောင့်ရှောက်မှု ကုန်ကျစရိတ်များ အပါအဝင် မိဘများ ပူးပေါင်းပါဝင်မှုနှင့် ပတ ပတ်သက်၍ အကျိုးအကြောင်း ထိုက်သင့်ပြီး လိုအပ်သော ကုန်ကျစရိတ်များ ပေးချေခြင်း
- ☐ အခြား မိဘများ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန် မိဘများကို လေ့ကျင့်ပေးခြင်း
- ☐ ကျောင်း အစည်းအဝေးများ အခါအားလျော်စွာ စီစဉ်ကျင်းပခြင်း သို့မဟုတ် ကလေးများနှင့် တိုက်ရိုက် ထိ ထိတွေ့ရသော ဆရာ/ဆရာမများ သို့မဟုတ် အခြား ပညာရေးနည်းပြများနှင့် ကျောင်းရှိ အဆိုပါ အစည်းအဝေးများ တက်ရောက်နိုင်ခြင်း မရှိသော မိဘများအကြား အိမ်တိုင်ရာရောက် ဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြင့် ၎င်းတို့ ကဓ ကလေးငယ်များ၏ ပညာရေးတွင် မိဘ ပူးပေါင်းဆောင်ရွက်မှုနှင့် ပါဝင်မှုကို တိုးမြှင့်ခြင်း
- ☐ မိဘများ ပူးပေါင်းပါဝင်မှုကို တိုးမြှင့်ရန် စံနမူနာ ချဉ်းကပ်နည်းလမ်းများကို ဖော်ဆောင်၍ အကောင်အထည်ဖော်ခြင်း
- ☐ ခေါင်းစဉ် I အပိုင်း A အစီအစဉ်များအရ မိဘများ ပူးပေါင်းပါဝင်မှုဆိုင်ရာ ကိစ္စရပ်အားလုံးတွင် အကြံဉာဏ်များပေးရန် နယ နယ်မြေတစ်ဝန်းလုံးဆိုင်ရာ မိဘ အကြံပေးကောင်စီတစ်ခု ဖွဲ့စည်းခြင်း
- ☐ မိဘများ ပူးပေါင်းပါဝင်မှု လုပ်ဆောင်ချက်များတွင် ယုံကြည်မှု အခြေခံထားသော အဖွဲ့အစည်းများ အပါအဝင် ဒေသ အခ အခြေပြု အဖွဲ့အစည်းများနှင့် လုပ်ငန်းများ၏ သင့်လျော်သော အခန်းကဏ္ဍများကို တိုးမြှင့်ပေးခြင်း

## လိုက်နာဆောင်ရွက်မှု

ခေါင်းစဉ် I စိတ်ပါဝင်စားသူများ၏ အစည်းအဝေး၊ တတ်ကျွမ်းနားလည်မှုဆိုင်ရာ လိုအပ်ချက်များ အကဲဖြတ်စစ်ဆေးမှု အစည်းအဝေးများနှင့် မိဘများအား ကျောင်း/ကျောင်းနယ်မြေအဖွဲ့အစည်း ဝဘ်ဆိုက်များနှင့် အခြား မီဒီယာ ပုံစံများမှ တစ်ဆင့် ဆက်သွယ်ပြောဆိုခြင်းဖြင့် ခေါင်းစဉ် I၊ အပိုင်း A အစီအစဉ်များတွင် ပါဝင်ကြသော မိဘများနှင့် ကလေးငယ်များ၏ သဘောတူညီချက်ကို ရယူကာ ဤ LEA မိဘများ ပူးပေါင်းပါဝင်ရေး မူဝါဒကို ပူးပေါင်း ရေးဆွဲထားခြင်း ဖြစ်သည်။

ဤမူဝါဒ/အစီအစဉ်ကို မိဘများနှင့် စိတ်ပါဝင်စားသူများမှ အကြံပြုပေးနိုင်စေရန် 2017 ခုနှစ် ဇူလိုင်လ 13 ရက်နေ့တွင် စတင်ဖြန့်ဝေခဲ့ပါသည်။ ၎င်းကို 2017 ခုနှစ်၊ ဇူလိုင်လ 31 ရက်တွင် မိဘများထံမှ အကြံပြုချက်များဖြင့် ပြန်လည်ပြင်ဆင်ခဲ့ပြီး 2017 ခုနှစ်၊ ဩဂုတ်လ 7 ရက်တွင် ပြန်လည်မျှဝေခဲ့ပါသည်။ ထို့နောက် GaDOE CLIP အကြံပြုချက်များဖြင့် ပြန်လည် မွမ်းမံပြင်ဆင်ခဲ့ပြီး 09/20/17 တွင် DeKalb ကောင်တီ ခရိုင်ကျောင်းမှ **ဖော်ဆောင်ခဲ့သည်**။ ဤမူဝါဒ/အစီအစဉ်သည် 2017 ခုနှစ် ဩဂုတ်လမှ 2018 ဩဂုတ်လ အထိ အကျုံးဝင်မည်ဖြစ်သည်။ ခရိုင်ကျောင်းသည် ဤမူဝါဒအား ခေါင်းစဉ် I အပိုင်း A တွင် ပါဝင်သော မိဘအားလုံးထံ 2017 ခုနှစ် အောက်တိုဘာ 30 ရက်ထက် နောက်မကျစေဘဲ ဖြန့်ဝေပေးသွားမည် ဖြစ်သည်။